**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန**
**ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန**
**အမိန့်ကြော်ငြာစာအမှတ် ၉၀ /၂၀၂၀**
**၁၃၈၂ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၃ ရက်**
**(၂၀၂၀ ပြည့်နှစ် အောက်တိုဘာလ ၁၄ ရက်)**
**သီးခြားလွတ်လပ်သောဒါရိုက်တာနှင့်စပ်လျဉ်းသည့်**
**သတ်မှတ်ချက်များ ထုတ်ပြန်ခြင်း**

ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာနသည် မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေ ပုဒ်မ ၁၇၅ ပုဒ်မခွဲ(ဓ) နှင့် ပုဒ်မ၄၆၂ ပုဒ်မခွဲ(က) ပုဒ်မခွဲငယ် (၂) တို့အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်-

၁။ မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေနှင့်အညီ ဖွဲ့စည်းတည်ထောင်ပြီး မှတ်ပုံတင်ထားသည့် စာရင်းဝင်ကုမ္ပဏီ (Listed Company) သို့မဟုတ် အစုရှယ်ယာရှင် ၁၀၀ ဦး နှင့် အထက်ရှိသည့် အများနှင့်သက်ဆိုင်သော ကုမ္ပဏီများအတွက် ထိရောက်မှုရှိသော ကော်ပိုရိတ်စီမံအုပ်ချုပ်မှုဖြစ်စေရေးကို အထောက်အပံ့ဖြစ်စေရန် ရည်ရွယ်၍ သီးခြားလွတ်လပ်သော ဒါရိုက်တာ နှင့် စပ်လျဉ်းသည့် သတ်မှတ်ချက်များကို ထုတ်ပြန်ခြင်းဖြစ်သည်။

၂။ သီးခြားလွတ်လပ်သော ဒါရိုက်တာသည် -

(က) အဆိုပါ ကုမ္ပဏီ သို့မဟုတ် ယင်းနှင့် ဆက်စပ်သည့် အဖွဲ့အစည်းတွင် လက်ရှိ သို့မဟုတ် လွန်ခဲ့သော ဘဏ္ဍာရေးနှစ် သုံးနှစ်အတွင်း အလုပ်ခန့်အပ်ခံထားသူ မဖြစ်စေရ၊

(ခ) ၎င်း၏ မိသားစုဝင်ကို အဆိုပါ ကုမ္ပဏီ သို့မဟုတ် ယင်းနှင့် ဆက်စပ်သည့် အဖွဲ့အစည်းတွင် လက်ရှိ သို့မဟုတ် လွန်ခဲ့သော ဘဏ္ဍာရေးနှစ် သုံးနှစ်အတွင်း အလုပ်ခန့်အပ်ခံထားခြင်းမရှိစေရ၊

(ဂ) တိုက်ရိုက်ဖြစ်စေ၊ တစ်ဆင့်ဖြစ်စေ မတည်ငွေရင်း သို့မဟုတ် မဲပေးပိုင်ခွင့်များ၏ ငါးပုံတစ်ပုံနှင့်အထက် ပိုင်ဆိုင်မှုရှိသူ မဖြစ်စေရ၊

(ဃ) အဆိုပါ ကုမ္ပဏီနှင့် ပစ္စည်း၊ ငွေကြေးဆက်ဆံမှုရှိသည့် အခြားကုမ္ပဏီများတွင် အမှုဆောင်အရာရှိအဖြစ် ဆောင်ရွက်နေသူ မဖြစ်စေရ။

၃။ ကုမ္ပဏီနှင့်ဆက်စပ်သည့် အဖွဲ့အစည်းဆိုသည်မှာ မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေ ပုဒ်မ ၁ ပုဒ်မခွဲ(ဂ) ပုဒ်မခွဲငယ် (၃၂) တွင် အဓိပ္ပာယ်ဖွင့်ဆိုသည့်အတိုင်းဖြစ်သည်ဟု မှတ်ယူရမည်။

(သန့်စင်လွင်)
မှတ်ပုံတင်အရာရှိ
ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာန